ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၆၂ / ၂၀၂၂ )

| | |
|---|---|
| ဒေါ်ယုယုထွေးပါ (၃)ဦး ( အလုပ်သမား )<br>၅/၁ ရွှေလမ်း၊ ရွှေပြည်သာမြို့နယ်။<br>၀၉ - ၇၆၃ ၇၁၇ ၃၇၀ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr.Tang Qinghai ( အလုပ်ရှင် )<br>Myanmar Bestfortune Co.,Ltd ( အထည်ချုပ်စက်ရုံ )<br>ဒေါ်လွင်လွင်ထိုက် ( HR Manager )<br>( အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>အမှတ်(၆)၊ ဥသဃရားလမ်း၊<br>သာစုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။<br>၀၉ - ၈၈၅ ၄၇၈ ၇၂၀ | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၂ ခု နှစ် ၊ ဒီဇင်ဘာ လ ၂၉ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်၊ ဥသဃရားလမ်း၊ အမှတ်(၆) ရှိ Myanmar Bestfortune Co.,Ltd ( အထည်ချုပ်စက်ရုံ )၊ အလုပ်ရှင် Mr. Tang Qinghai ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်လွင်လွင်ထိုက်( HR Manager )နှင့် အလုပ်သမား ဒေါ်ယုယုထွေးပါ (၃)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန် ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Myanmar Bestfortune Co.,Ltd ( အထည်ချုပ်စက်ရုံ ) ပိုင်ရှင် Mr.Tang Qinghai က အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးအား အလုပ်မှ ထုတ်ပယ်လိုက်ခြင်း အပေါ် အလုပ်ပြန်လည်ခန့်ထားပေးရန် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်။ တောင်းဆိုသူ အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးအား အလုပ်ပြန်လည် ခန့်ထားရန် သင့် / မသင့် သို့မဟုတ် အလုပ်ထုတ်နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးတို့သည် လုပ်ငန်းကျွမ်းကျင်သူများဖြစ်၍ နောက်ဆုံးပွိုင့်များကို လုပ်ကိုင်ရသူများဖြစ်ပါသည်။ ၎င်းတို့(၃)ဦးသည် အချိန်ပိုအပြည့်မဆင်း၍လည်းကောင်း၊ အထည်ထွက်ရှိမှုစံချိန် မပြည့်၍လည်းကောင်း စူပါများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေမှု မရှိကြောင်း တွေ့ရှိရပါသည်။

၅။ အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးမှ ထွက်ဆိုရာတွင် ၎င်းတို့မှာ လုပ်သက်(၆)လခန့်ရှိကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်(EC စာချုပ်)ချုပ်ဆိုထားခြင်း မရှိပါကြောင်း၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များရရှိအောင် အလုပ်သမားများကိုယ်စား HR ထံ တောင်းဆိုခဲ့ပါကြောင်း၊ အချိန်ပိုဆင်းရခြင်းနှင့်ပတ်သက်၍ ည(၈)နာရီအထိ ဆင်းခိုင်းခြင်း အပေါ် မိမိတို့အနေဖြင့် အိမ်အပြန်နောက်ကျမည်ဖြစ်၍ ညနေ(၆)နာရီအထိသာ အချိန်ပိုလုပ်နိုင်ပါကြောင်း၊ ထိုသို့(၆)နာရီအထိသာ အချိန်ပိုဆင်းမည်ဆိုပါက မဆင်းရန်နှင့် (၄)နာရီပြန်ရန်ပြောကြားခဲ့ပါကြောင်း၊ (၄)နာရီပြန်ရန်ပြောသဖြင့် ဖယ်ရီပေးရန်တောင်းဆိုခဲ့ပါကြောင်း၊ ယခင်က ဝန်ခံကတိလက်မှတ်ရေးထိုးရခြင်း မရှိပါကြောင်း၊ မိမိတို့ကြောင့် စူပါများအလုပ်ထုတ်ခံရသည်မှာ မမှန်ကန်ပါကြောင်း၊ စံချိန်မပြည့်မီ၍သာ အလုပ်ထုတ်ခံရပါကြောင်း၊ စံချိန်မပြည့်မီခြင်းမှာ မိမိတို့ (၃)ဦးနှင့် မသက်ဆိုင်ပါကြောင်း၊ စက်လိုင်းတစ်လိုင်းလုံးနှင့်သာ သက်ဆိုင်ပါကြောင်း၊ မိမိတို့အလုပ်ပြန်လည် လုပ်ကိုင်လိုပါကြောင်း၊ အလုပ်ရှင်က အခွင့်အရေးတောင်းဆိုနေခြင်းများကြောင့် လုပ်ငန်းခွင်ထိခိုက်မှုများဖြစ်သဖြင့်ဟုဆိုကာ ၂၃-၁၁-၂၀၂၂ ရက်နေ့တွင် အလုပ်ရှင်က အလုပ်မှထုတ်ပယ်ခဲ့ပါကြောင်း၊ နစ်နာကြေး၂လစာ ပေးခဲ့ပါကြောင်း၊ မိမိတို့မှ အလုပ်ပြန်ခန့်ပေးရန် သို့မဟုတ် (၃)လစာပေးရန် တောင်းဆိုခဲ့ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၆။ အလုပ်ရှင်ဘက်မှ ထွက်ဆိုရာတွင် Myanmar Bestfortune Co.,Ltd (အထည်ချုပ်စက်ရုံ) သည် ၁-၅-၂၀၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပါကြောင်း၊ ဒေါ်ယုယုထွေးပါ(၃)ဦးတို့သည် ၁၆-၅-၂၀၂၂ ရက်နေ့တွင် စတင်ဝင်ရောက်လုပ်ကိုင်ပြီး လုပ်ငန်းကျွမ်းကျင်သူများဖြစ်ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်)ချုပ်ဆိုရန် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းရန် အလုပ်သမားကိုယ်စားလှယ်အမည်စာရင်း တောင်းခံထားပါကြောင်း၊ တောင်းဆိုသူ ဒေါ်ယုယုထွေးပါ (၃)ဦးတို့သည် မည်သည့်ပွိုင့်မဆို ချုပ်နိုင်သူများဖြစ်ပါကြောင်း၊ စက်လိုင်းတစ်ခုတွင် စံချိန်မပြည့်မီပါက စူပါများကို အရေးယူမှုရှိပါကြောင်း၊ ဒေါ်ယုယုထွေးပါ (၃)ဦးတို့သည် စူပါများနှင့် ဆက်ဆံရေးမပြေလည်၍ အထည်များရွှေ့မရောက်အောင် လုပ်ဆောင်ခဲ့၍ စံချိန်များပြည့်မီမှုမရှိသဖြင့် စူပါများကို ဌာနပြောင်းမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် စံချိန်တက်ခဲ့ပါကြောင်း၊ ယခုအခါ ခေါင်းဆောင်အသစ်ဖြင့် ထပ်မံအဆင်မပြေသောကြောင့် အထည်မပေးပါကြောင်း၊ နောက်ဆုံးပွိုင့်ချုပ်သူများဖြစ်ပြီး ၎င်းတို့(၃)ဦး အချိန်ပိုအပြည့်မဆင်းသဖြင့် စံချိန်မရခဲ့ပါကြောင်း၊ စက်ရုံလုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် လုပ်ငန်းရေရှည်ရပ်တည်နိုင်ရေးအတွက် ၎င်းတို့(၃)ဦးအား အလုပ်မှရပ်စဲခဲ့ပါကြောင်း၊ ၎င်းတို့ (၃)ဦးလုပ်ကိုင်ခဲ့သောလိုင်းသည် ၎င်းတို့မရှိသည့်အတွက် ယခုအခါ ထုတ်လုပ်မှုတိုးတက်ခဲ့ပါကြောင်း၊ အလုပ်ပြန်လည်မခန့်ထားနိုင်ပါကြောင်းနှင့် နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေး စုစုပေါင်း(၂)လစာပေးလိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၇။ အငြင်းပွားမှုဖြစ်ပေါ်ရသည့် အခြေခံအကြောင်းအရင်းမှာ အလုပ်ရှင်၊ စူပါများနှင့် အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦး၊ နှစ်ဖက်ပုဂ္ဂိုလ်များ၏ ဆက်ဆံရေးမပြေလည်မှုပင်ဖြစ်သည်။ ထိုသို့အဆင်မပြေမှုသည် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ခြင်းမရှိသဖြင့် အလုပ်ရှင်၏ ကုန်ထုတ်လုပ်မှုကိုပါ ထိခိုက်ပြီး အလုပ်ထုတ်ပယ်သည်အထိဖြစ်ခဲ့ကြောင်း သုံးသပ်ရသည်။

၈။ အထက်အကြောင်းခြင်းရာကိုကြည့်ရှုပါက မြန်မာနိုင်ငံ၌ လုပ်ငန်းခွင်အေးချမ်း သာယာရေးကို ရှေးရှု၍ အလုပ်သမားရေးရာဥပဒေများ ပြဋ္ဌာန်းပေးထားပါလျက် အလုပ်ရှင်ရော အလုပ်သမားများကပါ ထိုဥပဒေပြဋ္ဌာန်းချက်များကို လေ့လာလိုက်နာမှုမရှိကြောင်း သုံးသပ်ရသည်။

CamScanner

၉။ ထိုသို့ အလုပ်ထုတ်ပယ်သည့်အခြင်းပွားမှုတွင် ဖြစ်ပွားသည့် အကြောင်းအချက်ပေါ်၌ ကောက်ချက်ပြု၍ မည်သူမှားသည်၊ မည်သူမှန်သည် ထိုအချက်နှင့် ဆက်လျဉ်း၍ တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းရှိ/ မရှိကို စိစစ်လေ့လာ သုံးသပ်မှုပြုရပေသည်။ အလုပ်ရှင်က အလုပ်သမားများအပေါ် စွပ်စွဲထားသည့် ပြစ်ချက်များနှင့် စပ်လျဉ်း၍ HR တာဝန်ရှိသူက သက်ဆိုင်ရာ အလုပ်သမားများကို အသိပေးခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အဆင့်အဆင့်သတိပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း အစရှိသဖြင့် လုပ်ဆောင်ထားခြင်းမရှိဘဲ အလုပ်မှရုတ်တရက် ထုတ်ပယ်ခြင်းမှာ မှန်ကန်မှုမရှိဟု သုံးသပ်သည်။

၁၀။ အလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးသည် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ပါက အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး လုပ်ငန်းခွင်အဆင်ပြေနိုင်မည်မဟုတ်၍ အလုပ်ပြန်လည်ခန့်ထားရန် မသင့်ကြောင်း၊ အလုပ်ရှင်မှ အလုပ်သမား(၃)ဦးအား အလုပ်ရပ်စဲခြင်းသည် လုပ်ထုံး၊ လုပ်နည်းအရ မှန်ကန်မှုမရှိသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်။** တောင်းဆိုသူအလုပ်သမား ဒေါ်ယုယုထွေးပါ(၃)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်းနှင့် အလုပ်ထုတ်နစ်နာကြေးအား အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည် -

| စဉ် | အမည် | နို့တစ်ကြေး+နစ်နာကြေး |
|---|---|---|
| ၁။ | ဒေါ်ယုယုထွေး | ၅၈၀,၀၀၀ |
| ၂။ | ဦးအောင်မျိုးမင်း | ၆၀၀,၀၀၀ |
| ၃။ | ဒေါ်ဝေဝေအောင် | ၇၀၀,၀၀၀ |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

CamScanner